ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၄ – ၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်

# မွန်ပြည်နယ်၏

# နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

၂၀၁၄ – ၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်

မွန်ပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

(၂၀၁၄ ခုနှစ် ၊ မွန်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၈ ။ )

၁၃၇၆ ခုနှစ် ၊ နတ်တော်လဆန်း ၁၄ ရက်

(၂၀၁၄ ခုနှစ် ၊ ဒီဇင်ဘာလ ၅ ရက်)

မွန်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့် အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို ၂၀၁၄ – ၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေဟုခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၄–၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်စေရမည်။

## အခန်း(၂)

## နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း

၂။ (က) မွန်ပြည်နယ်အစိုးရအဖွဲ့၊ မွန်ပြည်နယ်လွှတ်တော်၊ မွန်ပြည်နယ် တရားလွှတ်တော်၊ မွန်ပြည်နယ်ဥပဒေချုပ်၊ မွန်ပြည်နယ်စာရင်း စစ်ချုပ်၊ မွန်ပြည်နယ်ဝန်ကြီးဌာနများ၊ မွန်ပြည်နယ်အဆင့် ဦးစီး ဌာနများ နှင့် စည်ပင်သာယာရေးအဖွဲ့များ၊ မွန်ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများနှင့် စပ်လျဉ်း၍ ဇယား(၁)၊ (၂) နှင့်(၃)တို့တွင် ခွင့်ပြုထားသောသုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့် ယှဉ်တွဲ ဖော်ပြထားသော သက်ဆိုင်ရာ သုံးငွေများကို သုံးစွဲ နိုင်သည်။

(ခ) ပုဒ်မခွဲ(က)တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၄ ခုနှစ်၊ မွန်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ အရခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ် သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိလုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ ၊ ၂၀၁၄ ခုနှစ် ၊ မွန်ပြည်နယ်၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ ၊ သက်ဆိုင်ရာဥပဒေများ ၊ နည်းဥပဒေများ ၊ စည်းမျဉ်းများ၊ စည်းကမ်းများ ၊ အမိန့်များ ၊ ညွှန်ကြားချက်များ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

အုန်းမြင့်

ဝန်ကြီးချုပ်

မွန်ပြည်နယ်အစိုးရအဖွဲ့

မွန်ပြည်နယ်အစိုးရအဖွဲ့၊မွန်ပြည်နယ်လွှတ်တော်၊မွန်ပြည်နယ်တရားလွှတ်တော်၊ မွန်ပြည်နယ်ဥပဒေချုပ်၊ မွန်ပြည်နယ်စာရင်းစစ်ချုပ်

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၄ ခုနှစ် မွန်ပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁။ | ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် (သို့မဟုတ်) ပြည်နယ်ဝန်ကြီးချုပ်ကတာဝန်ပေးသူ | ၅၉ .၃၀၀ | | ၄၅၆ .၄၀၀ | ၁၃၁ .၃၃၂ | | | |
| ၂။ | ၂ | ပြည်နယ်လွှတ်တော် | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ (သို့မဟုတ်) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကတာဝန်ပေးသူ | ၄ .၃၅၆ | | | ၄၇၂ .၆၅၆ | | | |
| ၃။ | ၄ | ဥပဒေရုံးများ | ပြည်နယ်ဥပဒေချုပ် (သို့မဟုတ် ) ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | | | | ၃ .၅၀၀ | | | |
| ၄။ | ၅ | စာရင်းရုံးများ | ပြည်နယ်စာရင်းစစ်ချုပ် (သို့မဟုတ်) ပြည်နယ်စာရင်းစစ်ချုပ်ကတာဝန်ပေးသူ | | | | ၂၀ .၉၃၇ | | | |
| | | ပေါင်း | | ၆၃ .၆၅၆ | | ၄၅၆ .၄၀၀ | ၆၃၆ .၄၂၅ | | | |

## မွန်ပြည်နယ်ဝန်ကြီးဌာနများ ၊ မွန်ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၄ ခုနှစ် မွန်ပြည်နယ်၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁။ | ၁ | ပြည်ထဲရေး | ပြည်နယ်ဝန်ကြီးချုပ် (သို့မဟုတ်) ပြည်နယ်ဝန်ကြီးချုပ်ကတာဝန်ပေးသူ | ၃၁ .၀၀၇ | | | ၁၉ .၉၉၆ | | | |
| | | ၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | | ၁၉ .၉၉၆ | | | |
| | | ၂။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၃၁ .၀၀၇ | | | | | | |
| ၂။ | ၂ | သမဝါယမ | ၎င်း | ၄၄ .၇၅၆ | | | ၈ .၆၉၀ | | | |
| | | ၁။ သမဝါယမဦးစီးဌာန | | ၂၀ .၉၁၂ | | | ၈ .၆၉၀ | | | |
| | | ၂။ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၂၃ .၈၄၄ | | | | | | |
| ၃။ | ၄ | မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး | ၎င်း | | | | ၁ .၃၀၀ | | | |
| | | ၁။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | | | | ၁ .၃၀၀ | | | |
| ၄။ | ၆ | အားကစား | ၎င်း | ၇၀ .၀၀၀ | | | | | | |
| | | ၁။ အားကစားနှင့် ကာယပညာဦးစီးဌာန | | ၇၀ .၀၀၀ | | | | | | |
| ၅။ | ၈ | အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၎င်း | ၄ .၁၄၇ | | | | | | |
| | | ၁။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၄ .၁၄၇ | | | | | | |
| ၆။ | ၉ | ဆောက်လုပ်ရေး | ၎င်း | ၁၅၂၄ .၇၀၀ | | | ၂၀၇၃ .၃၀၀ | | | |
| | | ၁။ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | ၈ .၀၀၀ | | | | | | |
| | | ၂။ အဆောက်အအုံ၊လမ်းနှင့်တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း | | ၁၅၁၆ .၇၀၀ | | | ၂၀၇၃ .၃၀၀ | | | |
| ၇။ | ၁၁ | စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | ၃၅၇ .၅၆၃ | | | ၉၁၁ .၅၂၇ | | | |
| | | ပေါင်း | | ၂၀၃၂ .၂၅၃ | | | ၃၀၁၄ .၈၁၂ | | | |

မွန်ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၄ ခုနှစ် မွန်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁။ | ၂ | လျှပ်စစ်စွမ်းအား | ပြည်နယ်ဝန်ကြီးချုပ် (သို့မဟုတ်) ပြည်နယ်ဝန်ကြီးချုပ်ကတာဝန်ပေးသူ | | | | ၂၉၂ . ၂၆၂ | | | |
| | | ၁။လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း | | | | | ၂၉၂ . ၂၆၂ | | | |
| ၂။ | ၃ | သတ္တုတွင်း | ၄င်း | ၈ .၀၁၆ | | | | | | |
| | | ၁။မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း | | ၈ .၀၁၆ | | | | | | |
| | | ပေါင်း | | ၈ .၀၁၆ | | | ၂၉၂ . ၂၆၂ | | | |